**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဝါရှင်တန်မြို့**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော အောက်ဖော်ပြပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၇-၁၀-၂၀၁၆ ရက်နေ့တွင် ကြေညာချက်အမှတ်၊ ၂၃/၂၀၁၆ ဖြင့် သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည် -

| | **လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|---|
| (၁) | မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာ |
| (၂) | ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံ |
| (၃) | အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်း |
| (၄) | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ |
| (၅) | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) |
| (၆) | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) |
| (၇) | ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| (၈) | ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျေးသီး |
| (၉) | မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူး |

| | **လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|---|
| (၁) | ချင်းပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၃) | ထန်တလန် |
| (၂) | ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၄) | ကျောက်တံခါး၊ ညောင်လေးပင် |
| (၃) | ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၆) | ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ |

| | **လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|---|
| (၁) | ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) | ဖရူဆို |
| (၂) | ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) | ကျိုင်းတုံ |
| (၃) | ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) | ကျေးသီး |
| (၄) | ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) | ကျေးသီး |

(၅) ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) ညောင်ရွှေ

(၆) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) မိုင်းရှူး

(၇) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) မိုင်းရှူး

၂။ အဆိုပါကြားဖြတ်ရွေးကောက်ပွဲများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေထိုင်သူမြန်မာနိုင်ငံသားများအနက် အထက်ဖော်ပြပါ လစ်လပ်မဲဆန္ဒနယ်များနှင့် အကျုံးဝင်သောမြို့နယ်များတွင် နေထိုင်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် **သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ (ပုံစံ(၁၅) )** အား မိမိတို့နေထိုင်သည့် ကောင်စစ်နယ်မြေများအလိုက် သက်ဆိုင်ရာမြန်မာသံရုံး/ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သို့ ပေးပို့ရန်လိုအပ်မည်ဖြစ်ပါသည်။ (မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန် ချုပ်ရုံးများ၏ ကောင်စစ်နယ်မြေများခွဲဝေသတ်မှတ်မှုဇယားအား ပူးတွဲ(က)အဖြစ်ဖော်ပြအပ်ပါသည်)

၃။ သို့ပါ၍၊ ဝါရှင်တန်မြို့၊ မြန်မာသံရုံး၏ ကောင်စစ်နယ်မြေများအတွင်းနေထိုင်လျက်ရှိကြသော မဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနက် အပိုဒ်(၁)ပါ လစ်လပ်မဲဆန္ဒနယ်များနှင့် အကျုံးဝင်သည့် မြို့နယ်များတွင်နေထိုင်သူများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးလိုပါက **ပုံစံ(၁၅)** အား မြန်မာသံရုံးသို့ ဆက်သွယ်၍လည်းကောင်း၊ မြန်မာသံရုံး၏ Website http://mewashingtondc.com/elections2017/form-15.pdf မှလည်းကောင်း ရယူနိုင်ပြီး၊ **ယင်းပုံစံ(၁၅)အား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူနှင့်အတူ** မြန်မာသံရုံး (2300 S Street, N.W. Washington, D.C. 20008) သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း၊ မြန်မာသံရုံး၏အီးမေးလ်လိပ်စာ myanmaremb2015@gmail.com သို့လည်းကောင်း ၁၅-၁၁-၂၀၁၆ ရက်နေ့မှ ၅-၁၂-၂၀၁၆ ရက်နေ့အတွင်း အရောက်ပေးပို့ရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ၅-၁၂-၂၀၁၆ ရက်နေ့နောက်ပိုင်း ရောက်ရှိလာသည့် ပုံစံ(၁၅)များကိုမူ လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း တစ်ပါတည်းအသိပေးဖော်ပြအပ်ပါသည်။

၄။ ကြိုတင်ဆန္ဒမဲတောင်းခံသူ မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်မဲပေးခွင့်ရရှိရန် ပုံစံ(၁၅) ပါ အချက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးရန်နှင့် ပုံစံ(၁၅)၏ အမှတ်စဉ်(၈)ပါ ပြည်ပလိပ်စာအား အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ပေးရန် လိုအပ်ပါကြောင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များအား လိုအပ်သည်များ အသိပေးဆက်သွယ်ပြန်ကြားနိုင်ရန် ဆက်သွယ်ရမည့် အီးမေးလ်လိပ်စာနှင့် တယ်လီဖုန်းအမှတ်တို့အားလည်း ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် မြန်မာသံရုံးမှလည်း ပုံစံ(၁၅)လက်ခံရရှိမှုအခြေအနေကို အီးမေးမှတစ်ဆင့် ပြန်ကြားပေးမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

**ပူးတွဲ (က)**

မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်တို့၏
ကောင်စစ်နယ်မြေများခွဲဝေသတ်မှတ်မှုအခြေပြဇယား

| မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံး နှင့် ပုံစံ(၁၅)ပေးပို့ရမည့်လိပ်စာနှင့်အီးမေးလ် | ကောင်စစ်နယ်မြေများ |
|---|---|
| မြန်မာသံရုံး<br>2300 S Street, N.W. Washington,<br>D.C. 20008<br>email: myanmaremb2015@gmail.com<br>Phone: (202) 332 3344, 332 4350 | **Capital**: Washington, D.C.<br>**States:** Alabama, Arkansas, Colorado, Delaware, Florida, Georgia, Idaho, Illinois, Indiana, Iowa, Kansas, Kentucky, Louisiana, Marine, Maryland, Massachusetts, Michigan, Minnesota, Mississippi, Missouri, Montana, Nebraska, New Hampshire, North Carolina, North Dakota, Ohio, Oklahoma, Pennsylvania, Rhode Island, South Carolina, South Dakota, Tennessee, Texas, Utah, Vermont, Virginia, West Virginia, Wisconsin, Wyoming,<br>**Inhabited territories:** Puerto Rico, U.S. Virgin Islands |
| မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး<br>10 EAST 77th Street, New York, NY 10075<br>email: pmmyanmarny@gmail.com | **States:** New York, New Jersey, Connecticut<br>**Country**: Jamaica |
| မြန်မာကောင်စစ်ဝန်ချုပ်ရုံး<br>3435, Wilshire Boulevard, Suite 1590, Los Angeles, California 90010<br>email: myancgla@gmail.com<br>Fax: (213) 387 0042 | **States:** Alaska, Arizona, California, Hawaii, New Mexico, Oregon, Nevada, Washington,<br>**Inhabited territories:** American Samoa, Guam, Northern Mariana Islands |